Myanmar Centre for Responsible Business

15 Shan Yeiktha Street,  Sanchaung, Yangon, Myanmar
01-510069
www.myanmar-responsiblebusiness.org

မေလ ၁၁ ရက်နေ့ ၂၀၁၇

## သတင်းထုတ်ပြန်ချက်

**“ကလေးသူငယ် အခွင့်အရေး အပေါ်တွင် မည်သို့သက်ရောက်မှု များ ရှိနေသလဲ ဆိုသည့်အချက်ကို မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများက မိမိတို့ ကိုယ်ကို ပြန်လည် မေးခွန်းထုတ်သင့် ”**

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) သည် “ မြန်မာနိုင်ငံအတွင်းရှိ ကလေးသူငယ်အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းများ “ အနှစ်ချုပ်စာလွှာ တစောင်အား ထုတ်ပြန်ခဲ့ပါသည်။ ထိုစာတမ်းတွင် အဓိက အာရုံစိုက်ထားသည်မှာ စီးပွားရေးလုပ်ငန်းများက ကလေးသူငယ် အခွင့်အရေး အပေါ် မည်သို့လေးစား ထောက်ပံ့ပေးနိုင်သည်ဆိုသည့် ၎င်းတို့၏ အခန်းကဏ္ဍ အပေါ်တွင် ဖြစ်ပါသည်။ စာတမ်း ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ ၌ နိုင်ငံခြားကုမ္ပဏီများ နှင့် မြန်မာကုမ္ပဏီ များသည် ကလေးသူငယ်အခွင့်အရေး အနက်အဓိပ္ပါယ်ကို သိရှိစေရန်အတွက် လမ်းညွှန်ချက်များ ပေးရန် ဖြစ်ပါသည်။

ယခုစာတမ်းအား UNICEF, UN Global Compactနှင့် Save the Children တို့မှ ရေးဆွဲထားသော ကလေးသူငယ်အခွင့်အရေးများနှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်း၁၀ချက် (CRBP)ပေါ်တွင် အခြေခံ၍ ရေးသား ထားခြင်းဖြစ်ပါသည်။ မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) သည် ထိုအချင်းအရာများအား မြန်မာနိုင်ငံ အကြောင်းအရာ နှင့် အပ်စပ်အောင် ထည့်သွင်းခဲ့ပါသည်။ ထို သို့ပြုလုပ်ရာတွင် မြန်မာနိုင်ငံ ဥပဒေများကို သာမက နိုင်ငံတကာစံချိန်စံညွှန်းများ နှင့် အညီ လေ့လာဆန်းစစ်ခြင်း တို့လည်း ပါဝင်ပေသည်။

စာတမ်းထုတ်ပြန်ရာ တွင် မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB) ၏ ဒါရိုက်တာ ဗစ်ကီ ဘိုမန်က -

“ *ကျွန်မတို့အတွေ့အကြုံ အရ ပြောရရင် မြန်မာနိုင်ငံ မှာ ရှိတဲ့ စီးပွားရေးလုပ်ငန်းအများစု ကပေ့ါနော် မြန်မာနိုင်ငံ လူဦးရေ ရဲ့ ၂၄ ရာခိုင်နှုန်းက ၁၈ အောက်ကလေး တွေ ဖြစ်ပေမယ့်လဲ ကလေးသူငယ်တွေအပေါ် သူတို့ စီးပွားရေးလုပ်ငန်းကနေ ဘယ်လိုသက်ရောက်မှု တွေ ရှိနေသလဲ ဆိုတာကို သူတို့ကိုယ် သူတို့ မေးခဲ ကြပါတယ်။ တရားမဝင် ကလေးအလုပ်သမား နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲ တွေ မကြာခဏ ဆိုသလို ကျွန်မ*

*တို့တွေ့နေရပါတယ်။ အထူးသဖြင့် လက်ဖက်ရည်ဆိုင်တွေ၊ ဥယျာဉ်ခြံ အလုပ်တွေ နှင့် တနိုင်တပိုင် သတ္တုတွင်းများ နဲ့အခြားသော ကဏ္ဍတွေ မှာ လည်း တရားမဝင် ကလေးလုပ်သား များ ကို တွေ့နေရဆဲ ပဲ ဖြစ်ပါတယ်။"*

*ဒါပေမဲ့ စီးပွားရေး လုပ်ငန်းတွေက ကလေးသူငယ်အခွင့်အရေး ကို လေးစားလိုက်နာခြင်း ရှိ မရှိ ဆိုတာကို စဉ်းစားဖို့ အခြား နည်းလမ်းတွေ အများကြီး ရှိပါတယ်။ ကလေးသူငယ်တွေက စားသုံးသူတွေ၊ လူမှု အသိုင်းအဝန်း ထဲမှာ ပါဝင်နေသူတွေ၊ အလုပ်သမားတွေ - ကုန်သွယ်မှု ကွင်းဆက်မှာ ပါဝင်နေကြတဲ့ သူတွေ ဖြစ်ရုံ သာမက အလုပ်သမား အုပ်စုထဲ မှ မိသားစုဝင်များ လည်းဖြစ်ကြပါတယ်။*

*ကုမ္ပဏီများ အနေနဲ့က သူတို့ရဲ့စီးပွားရေး လုပ်ငန်း အပေါ် တချက်ပြန်ကြည့် ပြီး သူတို့ကိုယ်သူတို့မေးသင့်တာက- ဒီ သကြားများတဲ့ မုန့်အချို က အဝလွန်မှုကို အားပေးရာ ရောက်နေပြီး ကလေးသူငယ် တွေရဲ့ ကျန်းမာရေး အခွင့်အရေး ကို ထိခိုက်နေသလိုများ ဖြစ်နေသလား ဆိုတဲ့ မေးခွန်းမျိုး။ ငါရဲ့ စက်ရုံ က ကလေးမွေးပြီးကာစ အမေတွေ အတွက် သူတို့ကလေးငယ်တွေကို အလုပ်ခွင်အတွင်း စောင့်ရှောက်မှုပေးနိုင်တဲ့ ကလေးထိန်းနေရာ တစ်ခု ဖန်တီးပေးထား နိုင်သလား။ ငါရဲ့ ခရီးသွားလုပ်ငန်း ကုမ္ပဏီက ဝန်ဆောင်မှု ပေးလို့ ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းများကို သွားရောက်လည်ပတ်တဲ့အခါ အဲဒီကလေးတွေ က ပုဂ္ဂလိက လွတ်လပ်ပိုင်ခွင့် ဆိုတဲ့ ကလေးသူငယ်အခွင့်အရေး ကိုထိခိုက်သလား ဒါမှမဟုတ် ကလေးငယ်တွေကို လိင်ပိုင်းဆိုင်ရာ စော်ကားမှု ဘေးအန္တရာယ် များ ဖြစ်စေနိုင်သလား ဆိုသည့် မေးခွန်းမျိုး။။ ငါရဲ့ တီဗီ အစီအစဉ် ကို အသုံးချပြီး ကလေးသူငယ်တွေ က အွန်လိုင်းပေါ်မှာ နှောက်ယှက်စော်ကားခြင်း မခံရအောင် ဘယ်လို ရှောင်ရှား ရမလဲဆိုတဲ့ အသိပညာပေးမြှင့်တင်မှု လုပ်သင့်လား ဆိုသည့် မေးခွန်းမျိုး ။ မိမိကိုယ်တိုင် အနေနဲ့ အသက် ၁၄ နှစ်အောက် ငယ်ရွယ်သည့် ကလေးအလုပ်သမားများ အတွက် လုံခြုံစိတ်ချ ရပြီး အရည်အသွေးကောင်းသည့် အလုပ်အကိုင် များ ကို အထောက်အပံ့ ပေးနိုင် သလား ဆိုသည်များ ကို ကိုယ့်ကိုယ် ကို မေးခွန်းထုတ်သင့်ပါတယ်။ "*

ဆက်လက် ၍ -

*မြန်မာနိုင်ငံ ရဲ့သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း (EIA) လုပ်ငန်းစဉ် အသစ် မှာ လိုနေတာက လူမှုဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း ပဲ ဖြစ်ပါတယ်။ လူမှု ဝန်းကျင် ထိခိုက်မှု ဆိုရင် ကလေးသူငယ် အပေါ် ထိခိုက်သက်ရောက်မှု တွေလည်း ပါပါတယ်။ ဥပမာ ခြံစည်းရိုးက ကလေးတွေ ကျောင်းသွားရာ လမ်းမှာ အဟန့်အတား ဖြစ်နေနိုင်တယ်။ သတ္တုတွင်း တစ်တွင်းကြောင့် ရောက်လာတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေက မိသားစုတွေပါလာမယ်။ အဲဒီမိသားစုတွေရဲ့ ကလေးတွေက ဒေသမှာရှိတဲ့ ဒေသခံ ကျောင်းတွေက လက်ခံနိုင်တဲ့ ကလေးသူငယ်အရေအတွက်ထက် ပိုနေမယ် ဆိုတာမျိုး ။ စက်ရုံ တည်ရှိလာတဲ့အတွက် အရင်တုန်းက ကလေးတွေ ကစားလေ့ရှိတဲ့ လမ်းကို သုံးပြီး သယ်ယူပို့ဆောင်ရေး ကုန်တင်ကားများ ရောက်ရှိလာနိုင်တယ်။*

*စီမံကိန်းတစ်ခုက ကလေးတွေအပေါ် အကျိုးသက်ရောက်မှုက လူကြီးတွေအပေါ် သက်ရောက်မှုနဲ့တော့ တူမှာမဟုတ်ဘူး။ ဒါကြောင့် ကုမ္ပဏီတွေနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လေ့လာစမ်းစစ်ခြင်း (EIA) ဆိုင်ရာ အကြံပေးတွေက စီမံကိန်းတွေရဲ့ လူမှုဝန်းကျင် အကျိုးသက်ရောက်မှုတွေကို လေ့လာ ဆန်းစစ်မယ်ဆိုရင် ကလေးသူငယ်တွေရဲ့ အသံတွေကိုလည်း ကြားအောင် နားထောင်သင့်ပါတယ် ။ အဲ့လိုမှ မဟုတ်ရင် ကလေးသူငယ်တွေရဲ့ အခွင့်အရေး က အမေ့ခံဖြစ်သွားမှာပါ။"* ဟု ပြောသည်။

အနစ်ချုပ်စာလွှာရှိ အကြံပြုချက်များကို ပြုစုရာတွင် MCRB သည် ဆွေးနွေးပွဲ တစ်ခုပြုလုပ်ခဲ့ပြီး ထိုပွဲသို ့နိုင်ငံခြား နှင့် မြန်မာစီးပွားရေးလုပ်ငန်းများ၊ ကလေးသူငယ် အခွင့်အရေး ကျွမ်းကျင်ပညာရှင်များ၊ ကလေးသူငယ် ကိုယ်စားပြု အလုပ်လုပ်ပေးနေသော အဖွဲ့အစည်းများ နှင့် ကမ္ဘာ့ ကုလသမဂ္ဂ အေဂျင်စီများမှ လည်း တက်ရောက်ခဲ့ကြသည်။ အနစ်ချုပ်စာလွှာနှင့်တစ်ဆက်ထဲ မြန်မာနိုင်ငံအတွင်း အခြားသော အဖွဲ့အစည်းများမှ လုပ်ကိုင်ဆောင်ရွက်ထားသည့် ကလေးသူငယ်အခွင့်အရေး နှင့် စီးပွားရေး နှင့် ဆက်နွယ်သက်ဆိုင်နေသည့် အကြောင်းအရာများ ဆိုင်ရာ ' linked initiatives' စာရင်းကိုလည်း ပြုစုထားပါသည်။

**နောက်ခံ အကြောင်းအရာ**

၁။ ဤအနစ်ချုပ်စာလွှာသည် စီးပွားရေးလုပ်ငန်းများအတွက် အကြံပြုချက်များပေးနိုင်ရန် ဦးတည်ထားသည့် MCRBမှ ထုတ်ပြန်ထားသော ထုတ်ဝေမှုများထဲမှ ဆက်နွယ်နေသည့် အကြာင်းအရာများ (Cross Cutting Issues) ကို အစီအစဉ်လိုက် ထုတ်ဝေခြင်း၏ တစိတ်တပိုင်းပင် ဖြစ်ပေသည်။ အခြား ဆက်နွယ်နေသည့် အကြောင်းအရာများမှာ"မြန်မာနိုင်ငံ ရှိ ဌာနေတိုင်း ရင်းသားများ အခွင့်အရေး နှင့် စီးပွားရေးလုပ်ငန်းများ" နှင့် "မြေယာ" နှင့် ပတ်သက်သည်တို ့ ပင်ဖြစ်သည်။ နောက်ထပ် ထုတ်ပြန်မည့် အနစ်ချုပ်စာလွှာမှာ ""ခွဲခြားဆက်ဆံခြင်းနှင့်စီးပွားရေးလုပ်ငန်းများ"စာလွှာဖြစ်သည်။ မြန်မာ့စီးပွားရေး ကဏ္ဍာတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် ၎င်း၏ ရေနံ နှင့် သဘာဝဓာတ်ငွေ့ ၊ ခရီးသွားလုပ်ငန်း ၊ ICT ကဏ္ဍ နှင့် သတ္တုတွင်း ကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် သက်ရောက်မှု လေ့လာစမ်းစစ်ခြင်းများ (sector-wide impact assessments SWIAs) တို့တွင် ကလေးသူငယ်များ အပေါ်သက်ရောက်မှုများကို ထည့်သွင်းဖော်ပြခဲ့သည်။ အနစ်ချုပ်စာလွှာများသည် ကဏ္ဍအလိုက် သက်ရောက်မှု လေ့လာစမ်းစစ်ခြင်းများ (SWIAs) ၏ ကွင်းဆင်းလေ့လာ ရာမှ ရှာဖွေတွေ ့ရှိမှုများ အပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။

၂။ ကလေးသူငယ် အခွင့်အရေးများ နှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်းများ (CRBP) သည် UNICEF ၊ UNGC Global Compact နှင့် Save the Children (childrenandbusiness.org) တို ့မှ ပြုစုထားခြင်းဖြစ်ပြီး ၎င်းတို ့ မှာ -

၁။ ကလေးသူငယ် အခွင့်အရေးကို လေးစားလိုက်နာခြင်း။

၂။ ကလေး သူငယ်အလုပ်သမား။

၃။ သက်ငယ် အလုပ်သမား၊ မိဘ နှင့် အုပ်ထိန်းစောင့်ရှောက်သူများ။

၄။ စီးပွားရေး လုပ်ငန်းများ နှင့် အဆောက်အအုံများတွင် ကလေးသူငယ်များကို အကာအကွယ် အစောင့်အရှောက် ပေးရေးနှင့် ဘေးကင်းလုံခြုံစေမှု။

၅။ ဘေးအန္တရာယ် ကင်းရှင်းသည့် ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများ။

၆။ ဈေးကွက်ထိုးဖောက်မှု နှင့် ကြော်ငြာခြင်း တို့တွင် ကလေးသူငယ် အခွင့်အရေးများကို လေးစားလိုက်နာခြင်း။

၇။ ကလေးသူငယ်၊ သဘာဝပတ်ဝန်းကျင် နှင့် မြေယာ။

၈။ လုံခြုံရေး စီမံမှုများ ။

၉။ အရေးပေါ်အခြေအနေများ မှ သက်ရောက်မှု ခံရသည့် ကလေးသူငယ်များ။

၁၀။ ရပ်ရွာအသိုင်းအဝန်း နှင့် အစိုးရ ၏အားထုတ်မှုများ ကို ထပ်လောင်းအားဖြည့်ခြင်း။

၃။ မြန်မာ့ စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business MCRB) www.mcrb.org.mm သည် ရန်ကုန်အခြေစိုက် ဖြစ်ပြီး ယူကေ ၊ ဒိန်းမတ် ၊ နော်ဝေ ၊ ဆွဒ်ဇာလန် ၊ နယ်သာလန် နှင့် အိုင်ယာလန် တို့ အထောက်အပံ့အကူအညီဖြင့် ၂၀၁၃ ခုနှစ်တွင် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်နိုင်ငံ အခြေစိုက် Danish Institute for Human Right (DIHR) တို့ နှင့် ပူးပေါင်းဆောင်ရွက် ကာ ထူထောင်ခဲ့ခြင်းဖြစ်ပါသည်။ MCRB အဖွဲ့ သည် စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အစိုးရအဖွဲ့အစည်း များအကြား ပညာဗဟုသုတ ဖြစ်စေရန်လည်းကောင်း၊ အရည်အသွေးမြင့်မားစေရေးကိုလည်းကောင်း၊ နှစ်ဦးနှစ်ဖက်အကြား ‌ဆွေးနွေး ညှိနှိုင်းမှုများ ဖြစ်ပေါ်လာစေရန်နှင့် မြန်မာနိုင်ငံ ၏ ဒေသတွင်းလိုအပ်ချက်များ နှင့် နိုင်ငံတကာစံချိန်စံညွှန်းများ နှင့် အညီ မြန်မာနိုင်ငံတွင် တာဝန်သိ စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် အများ၏ယုံကြည်မှုကို ရရှိသော အဖွဲ့အစည်း တစ်ရပ်ဖြစ်ပေါ်လာ စေရန်လည်းကောင်း ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။ ၎င်းသည် အစိုးရ ၊ အရပ်ဘက် အဖွဲ့အစည်း နှင့် အစိုးရ အကြား ဘက်မလိုက် ပေါင်းကူးသဖွယ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။